# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး

## ၁၈ ရက်မြောက်နေ့ အစီအစဉ်

## [ ၂၂ - ၆ - ၂၀၁၇ ]

## (ကြာသပတေးနေ့)

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၈ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **မြန်မာနိုင်ငံတွင် တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) ပြုလုပ်၍ဖြစ်စေ၊ နိုင်ငံတော်အစိုးရနှင့် အကျိုးတူ ပူးပေါင်း၍ဖြစ်စေ လာရောက် ရင်းနှီးမြှုပ်နှံကြသော နိုင်ငံခြား ကုမ္ပဏီများ၊ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများနှင့် စီးပွားရေး စာချုပ်များ ချုပ်ဆိုရာတွင် စာချုပ် သက်တမ်း ကုန်ဆုံးချိန်၌ လုပ်ငန်းဆိုင်ရာနှင့် ကုန်ထုတ်မှုဆိုင်ရာ နည်းပညာများအား လွှဲပြောင်းပေးရန်ဆိုသည့်အချက် ပါရှိခြင်း ရှိ/မရှိနှင့် မပါရှိပါက အနာဂတ်တွင် ချုပ်ဆိုသော စာချုပ်များ၌ ယင်းအချက်ကို ထည့်သွင်းရန်** အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခမ်းပါတ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ) တစ်ခု ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ) တစ်ခု ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဥပဒေနှင့်အညီ အခွန်ကောက်ခံရာတွင် အခွန်အပြည့်အဝ ရရှိနိုင်ရန်နှင့် အခွန်ရှောင်ရှားမှုများ၊ အခွန်ယိုဖိတ်မှုများ လျော့နည်းစေရန် ပြည်ထောင်စုအစိုးရအနေဖြင့် လုပ်ငန်းစဉ်များ၊ စီမံချက်များ စီစဉ် ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်** စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ပြည်သူအများ တယ်လီဖုန်း အသုံးပြုခြင်းမှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ပညာရေးအတွက် မည်သို့ အသုံးပြုနေသည်ကို သိရှိလိုခြင်းနှင့် အခွန်ငွေထဲမှ အစိတ်အပိုင်း တချို့ကို ခွဲဝေသတ်မှတ်၍ ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး အလွန် ဆင်းရဲချို့တဲ့၍ အလွန် ပညာထူးချွန်သော တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသားများအား ပညာသင်ထူးချွန်ထောက်ပံ့ဆုပေးရန် စီစဉ်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့်** စပ်လျဉ်းသည့် မေးခွန်း၊

( ဓ ) ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ အခန်း(၁၃)၊ ပုဒ်မ ၆၂ တွင် ပါရှိသည့် အတိုင်း သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးတို့အတွင်း ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အစိုးရအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်များအား တိုင်ပင်ညှိနှိုင်း ဆွေးနွေးရန်အတွက် ထည့်သွင်းဖွဲ့စည်းရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၅ )

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၁၉ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။